# ဆီမီးထွန်းကျေးရွာ

# တောင်တွင်းကြီးမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆီမီးထွန်းကျေးရွာ ၊ တောင်တွင်းကြီးမြို့နယ်

( စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည် )

၂၀၁၈ ခုနှစ် ၊ စက်တင်ဘာလ

မာတိကာ


စာမျက်နှာ

| | |
|---|---|
| **စကားချီ** | ၄ |
| **တောင်တွင်းကြီးမြို့နယ် ဆီမီးထွန်းကျေးရွာအရင်းအမြစ်ပြမြေပုံ** | ၅ |
| **ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းစဉ်** | ၆ |
| **(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** | ၆ |
| **၁။ တည်နေရာနှင့် ပထဝီအနေအထား** | ၈ |
| **၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ** | ၈ |
| **၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ** | ၈ |
| (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၈ |
| (ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | ၈ |
| (ဂ) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ | ၉ |
| (ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု | ၉ |
| (င) ပညာရေး | ၉ |
| (စ) ကျန်းမာရေး | ၁၀ |
| (ဆ) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၀ |
| (ဈ) ကျား / မရေးရာ | ၁၀ |
| **၄။ ကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ** | ၁၁ |
| **၅။ ကျေးရွာ၏ နှစ်အလိုက်စီမံချက်လုပ်ငန်းများ** | ၁၂ |
| **၆။ ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန်အထောက်အကူပြုဇယားများ** | ၁၃ |
| ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ | ၁၃ |
| ဇယား(၂) ကျေးရွာ၏မြေပိုင်ဆိုင်မှုနှင့်ရေအရင်းအမြစ်အခြေအနေ | ၁၃ |
| ဇယား(၃) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ | ၁၄ |
| ဇယား(၄) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ | ၁၅ |
| ဇယား (၅) ဥစ္စာဓနအဆင့်အခြေအနေ | ၁၇ |
| ဇယား (၆) စိုက်ပျိုးနိုင်သော မြေဧရိယာ | ၁၈ |
| ဇယား (၇) ကျေးရွာ၏ အဓိကသီးနှံများနှင့် အထွက်နှုန်း | ၁၈ |
| ဇယား (၈) မွေးမြူရေးလုပ်ငန်း | ၁၉ |
| ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ | ၂၀ |
| ဇယား (၁၀) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | ၂၁ |
| ဇယား (၁၁) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ | ၂၂ |
| ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး | ၂၂ |

ဇယား (၁၃)	သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ	၂၃
ဇယား (၁၄)	လျှပ်စစ်မီးရရှိမှု	၂၃
ဇယား (၁၅)	ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ	၂၄
ဇယား (၁၆)	ကျောင်းတက်နှုန်း	၂၄
ဇယား (၁၇)	စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ	၂၄
ဇယား (၁၈)	အဖြစ်များသော ရောဂါများ	၂၆
ဇယား (၁၉)	လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု	၂၆
ဇယား (၂၀)	ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)	၂၇
ဇယား (၂၁)	သောက်သုံးရေ ရရှိမှု	၂၇
ဇယား (၂၂)	သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)	၂၈
ဇယား (၂၃)	ဘေးအန္တရာယ်ထိခိုက်မှုအခြေအနေများ	၂၈
ဇယား (၂၄)	သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ	၂၉
ဇယား (၂၅)	ကျား-မ ရေးရာ	၂၉
**၇။ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်များ**	၃၀

**စကားချီ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်တော်တို့ ဆီမီးထွန်းကျေးရွာသူ/သားများ ကိုယ်တိုင် ကျေးရွာ ဖွံ့ဖြိုးရေးအတွက် ပထမဆုံးစတင်ရေးဆွဲသော အစီအစဉ်ဖြစ်ပါသည်။ စီမံကိန်းဖြစ်မြောက်ရေး အတွက် ကူညီဆောင် ရွက် ပေးသော တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း စီမံကိန်းအား အကောင်အထည်ဖော်ဆောင် ရွက်နိုင်ရန် ခွင့်ပြုပေးပါသော စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများအားလုံး ကျေးဇူးတင် ရှိပါသည်။

ကျွန်တော်တို့ကျေးရွာတွင် ယခင်က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ကြရာတွင် ရပ်မိ ရပ်ဖ များနှင့်သာ ရေးဆွဲတိုင်ပင်ကြခြင်း ဖြစ်ပါသည်။ယခုကဲ့သို့ အတန်းအစားပေါင်းစုံ စနစ်တကျ ပူးပေါင်းဆောင်ရွက်သည့် စနစ်ကျသည့် စီမံကိန်းမျိုး မရေးဆွဲခဲ့ပါ။ ယခုအခါ ထိုသို့ကျေးရွာလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်စနစ်ကျသည့် စီမံကိန်းအဖြစ် ဆောင်ရွက်နိုင်သည်ကို သိရှိခဲ့ရပါသည်။နောင်တွင် မည်သည့်ကိစ္စရပ် တိုင်ပင် ဆွေးနွေးမှုများတွင်မဆို လူထု ပူးပေါင်းပါဝင်နိုင်ရေး အလေးထားဆောင်ရွက်ရပါမည်။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲသည့် အခါ ကျေးရွာသူ / သားများ၏ နေထိုင်မှု ၊ ပိုင်ဆိုင်မှု ၊ ကျန်းမာရေးအစရှိသည့် ကဏ္ဍအစုံသည် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်နေကြောင်း သိရှိရပြီး ကဏ္ဍအစုံမှ ထွက်ရှိလာသော အချက်အလက်များကို ကြည့်ရှု ခြင်းအားဖြင့် လိုအပ်ချက် များကို ဖော်ထုတ်သိရှိနိုင်မည် ဖြစ်ပါသည်။ထိုသို့မှန်ကန်သော လိုအပ်ချက်များအား သိရှိနိုင် မှသာ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် သင့်လျော်သော အဖွဲ့အစည်းများ ၊ ဦးစီးဌာနများထံ တင်ပြ တောင်းခံ နိုင်မည် ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်း စီမံကိန်းသည် စာရင်ဇယားများ ၊ ကျေးရွာလူထု၏ လူနေမှုအခြေ အနေ ၊ ပိုင်ဆိုင်မှု များကို ကောက်ယူပြီးမှ လိုအပ်ချက်ပေါ်မူတည်၍ ကျေးရွာလူထု၏ ဆန္ဒဖြင့် အမှန်တကယ် လိုအပ်သော စီမံကိန်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်သဖြင့် အလွန်ကောင်းမွန်ပြီး အကျိုးရှိသော စီမံကိန်း ဖြစ်ပါသည်။


ယခု ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အကူအညီဖြင့် ကျေးရွာလူထုကိုယ် တိုင် ပါဝင်ရေးဆွဲသော ဆီမီးထွန်း ကျေးရွာ၏ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်အား စီမံကိန်းကာလ အတွင်းသာ အသုံးပြုခြင်း မဟုတ်ဘဲ ပြောင်းလဲမှုရှိလာသည်နှင့်အမျှ ပြုပြင်ဖြည့်စွက်၍ အစဉ်အမြဲ သုံးစွဲသွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆီမီးထွန်းကျေးရွာ

တောင်တွင်းကြီးမြို့နယ်

## တောင်တွင်းကြီးမြို့နယ် ၊ ဆီမီးထွန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ



**ရည်ညွှန်း -** တောင်တွင်းကြီးမြို့နယ် ၊ ဆီမီးထွန်းကျေးရွာအုပ်စု ၊ ဆီမီးထွန်းကျေးရွာတွင် ပြုလုပ်သော ကျေးရွာ ဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းအစီအစဉ်တွင် ကျေးရွာသူ/သားများ ကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။

# ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

## (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်

ဆီမီးထွန်းကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်တော်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင်ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း ၊ သတင်းအချက်အလက်များ ပြုစုရန်အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး ၊ ဌာနဆိုင်ရာများ စသည်တို့မှ လိုအပ်သော ကိန်းဂဏန်း ၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်တော်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန် အရေးကြီးကြောင်းကို သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ ကြုံတွေ့နေရသော ပြဿနာများ၊ ပြဿနာများဖြစ်ရသည့်အခြေခံအချက်များ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အချက်များနှင့် အဟန့်အတား ဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်တော်တို့အနေဖြင့် ဆောင်ရွက်မည့် နည်းဗျူဟာများ စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။

ကျွန်တော်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍ ၊ ဘဏ်များ ၊ သတင်းနှင့်ပြည်သူဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရရှိစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုကိုသိရှိစေရန် မျှော်လင့်ပါသည်။

### (ခ) နိုင်ငံတော်အစိုးရအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်တော်တို့၏အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးရန်ဤဖွံ့ဖြိုးရေးစီမံချက်များကို မြို့နယ်အဆင့် ၊ ခရိုင်အဆင့် ၊ တိုင်းအဆင့် ၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြသွားမည်ဖြစ်ပါသည်။ပုဂ္ဂလိက အဖွဲ့အစည်းများ အတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထုလိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာလိုလားချက်များ ၊ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ၊ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ ၊ နိုင်ငံတကာချေးငွေအဖွဲ့အစည်းများ ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့် တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါသည်။

## (ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်တော်တို့ ကိုယ်တိုင် တက်နိုင်သော ငွေကြေး ၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိလာနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများကို ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းကဲ့သို့မဟုတ်ဘဲ ကျယ်ပြန့် သည့်ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာဖွံ့ဖြိုးရေးဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိပြီးဖြစ်ပါသည်။ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း ၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

**၁။ တည်နေရာနှင့် ပထဝီအနေအထား**

ဆီမီးထွန်းကျေးရွာသည် မကွေးတိုင်းဒေသကြီး ၊ မကွေးခရိုင် ၊ တောင်တွင်းကြီးမြို့နယ်၏ အရှေ့တောင်ဘက်တွင် တည်ရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး တောင်တွင်းကြီး-နေပြည်တော်လမ်းနှင့် (၂)မိုင်ခန့်ကွာဝေးပါသည်။ ၎င်းကျေးရွာသည် ပထဝီအနေအထားအရ မြေပြန့်ဒေသဖြစ်ပြီး မြောက်လတ္တီကျူ ၁၉ ဒီဂရီ ၉၄ မိနစ်နှင့် အရှေ့လောင်ဂျီကျူ ၉၄ ဒီဂရီ ၆၁ မိနစ်ကြားတွင်တည်ရှိပါသည်။ အမြင့်ဆုံးအပူချိန်မှာ ဧပြီလတွင် ၄၄.၅ ဒီဂရီ စင်တီဂရိတ်ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ဇန်နဝါရီလတွင် ၁၁.၅ စင်ဒီဂရိတ်ဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက်အမြင့် (၄၃၅ပေ)ရှိပြီး မိုးအများဆုံးရွာသွန်းသောလမှာ ဇူလိုင်လနှင့် ဩဂုတ်လတို့ဖြစ်ပါသည်။မိုးတွင်းကာလတွင် မြေနိမ့်ပိုင်းဖြစ်သောကြောင့် လယ်ကွက်များမှတစ်ဆင့် ကျေးရွာချင်းဆက်လမ်းများပေါ်သို့ ရေလွှမ်းမိုးခြင်းကြောင့် လမ်းအခက်အခဲ ကြုံတွေ့ ရပါသည်။

**၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ**

နှစ်စဉ် မိုးရေချိန်လက်မ(၄၀)ခန့် ရရှိပြီး သဘာဝပေါက်ပင်များမှာ မန်ကျည်းပင် ၊ တမာပင် ၊ ကုက္ကိုပင် ၊ ရှားပင် ၊ ထန်းပင် ၊ ဇီးပင်စသော အပင်များပေါက်လေ့ရှိပါသည်။မိုးစပါးသီးနှံစိုက်ပျိုးနိုင်သော လယ်ဧကမှာ (၉၃၇.၇၅)ခန့်ရှိပြီး သီးထပ်သီးနှံအဖြစ် ကုလားပဲ ၊ မတ်ပဲ ၊ နေကြာ နှင့်ပဲတီစိမ်းတို့ စိုက်ပျိုးနိုင်ပါသည်။ မြေအောက်ရေတွင်းမှ ရေကိုရေစုပ်စက်ဖြင့် စုပ်ယူတင်ပြီး ကြက်သွန် ၊ ဖရဲ ၊ ထိုင်ဝမ်ပဲ ၊ သကြား၊ ပြောင်းဖူးများ စိုက်ပျိုးနိုင်ပါသည်။ ကျေးရွာအနီးတွင်စမ်းချောင်းရှိသောကြောင့် စိုက်ပျိုးရေလုပ်ငန်းအတွက် အထောက်အကူပြုပါသည်။

**၃။ ကျေးရွာရှိကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**

ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း ဂေါပကအဖွဲ့ ၊ ဝတ်ရွတ်အသင်းအဖွဲ့ ၊ အရံမီးသတ်အဖွဲ့ ၊ ပရဟိတအဖွဲ့နှင့် မီးလင်းရေးကော်မတီစသော အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ဆိုင်သော သာရေး ၊ နာရေး ၊ လူမှုကိစ္စကြီးငယ်များပေါ်ပေါက်လာလျှင် အုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက်၍ ဂေါပကအဖွဲ့ ၊ ဝတ်အသင်းအဖွဲ့ ၊ ပရဟိတအဖွဲ့နှင့် ကျေးရွာသူ/သားများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းရှိပါသည်။ပြင်ပမှ အသေးစားချေးငွေများဖြစ်သော ပက်စ်မြန်မာ ၊ သမဝါယမ ၊ စတာ ပါတနာ ၊ ငွေစုငွေကြေးအဖွဲ့နှင့် အစိုးရငွေချေးဘဏ်အဖွဲ့များလည်း ရှိပါသည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ မိုးရာသီတွင် နှစ်စဉ်မိုးစပါးစိုက်ပျိုးနိုင်ကြပြီး ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်၍ ကုလားပဲ ၊ မတ်ပဲ ၊ ပဲတီစိမ်းတို့ကို သီးထပ်သီးနှံအဖြစ် စိုက်ပျိုးကြပါသည်။ကျေးရွာတွင် စိုက်ပျိုးမြေဧကမှာ ( ၉၃၇.၇၅ )ဧကရှိပြီး စပါးထွက်နှုန်းမှာ တစ်ဧကလျှင် အနည်းဆုံး(၄၀)တင်းမှ အများဆုံး(၉၀)တင်းထွက်ပြီး ပျမ်းမျှ(၇၀)တင်းထွက်ရှိပါသည်။ ပဲတီစိမ်းအထွက်နှုန်းမှာ တစ်ဧကလျှင် အနည်းဆုံး(၁၀)တင်းမှ အများဆုံး(၂၀)တင်းထွက်ပြီး ပျမ်းမျှအားဖြင့် (၁၅)တင်းနှုန်း ၊ ကုလားပဲအထွက်နှုန်းမှာ အနည်းဆုံး(၈)တင်းမှ အများဆုံး(၂၀)တင်းထွက်ပြီး ပျမ်းမျှအားဖြင့်(၁၃)တင်း၊မတ်ပဲအထွက်နှုန်း မှာ အနည်းဆုံး(၆)တင်းမှ အများဆုံး(၁၈)တင်းထွက်ပြီး ပျမ်းမျှအားဖြင့်(၁၂)တင်းထွက်ပြီး နှစ်စဉ်ကျေးရွာမှ မိုးစပါး (၁၅၀၀၀)တင်း ၊ ပဲတီစိမ်း(၉၀၀)တင်း ၊ ကုလားပဲ(၆၀၀)တင်းနှင့်မတ်ပဲ(၄၀၀)တင်းခန့် ထွက်ရှိပါသည်။

မြေအောက်ရေရရှိခြင်းသည် သီးထပ်သီးနှံ စိုက်ပျိုးထုတ်လုပ်ရန် အခွင့်အလမ်းကောင်းတစ်ခုဖြစ်သည်။ ထိုသီးထပ်သီးနှံထုတ်ကုန်များအတွက် ဈေးကွက်၏အချိတ်အဆက်နှင့် ရောင်းချရေးစနစ်များသည် ဖွံ့ဖြိုးရေးအတွက် ကျေးရွာလူထုမှ စွမ်းဆောင်နိုင်ခြင်းမရှိပါ။ မိရိုးဖလာနည်းဖြင့်သာ သီးနှံများစိုက်ပျိုးကြသောကြောင့် စိုက်ပျိုးရေး နည်းစနစ်များ မှန်ကန်မှုမရှိခြင်းနှင့် စိုက်ပျိုးရေးနည်းပညာအားနည်းခြင်းတို့ကြောင့် အထွက်နှုန်းနည်းသည်ဟု ယူဆကြပါသည်။စပါး ၊ ကုလားပဲ ၊ ပဲတီစိမ်း နှင့်မတ်ပဲတို့အတွက် ဈေးကောင်းမရသောကြောင့် လယ်သမားများအကျိုးအမြတ်ရရှိမှုနည်းပါးပါသည်။သီးနှံထုတ်လုပ်မှုမှာ ဝင်ငွေနည်းသည့်အတွက် လူငယ်များသည် ပြည်ပသို့ထွက်၍

ဝင်ငွေရှာကြရပါသည်။အကျိုးဆက်အနေဖြင့် သီးနှံထုတ်လုပ်မှုတွင် လုပ်သား ရှားပါးလာပါသည်။ သက်ဆိုင်ရာဌာန အဖွဲ့အစည်းမှ စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်းနှင့်စိုက်ပျိုးရေးသုံး စက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင်ခြင်းများ ရရှိနိုင်ပါက ကျေးရွာ၏ စိုက်ပျိုးရေးကဏ္ဍ တိုးတက်လာသည်ဟု ယုံကြည်ရပါသည်။

ကျေးရွာအတွင်းတောင်သူများအပြင် ကျပန်းလုပ်ကြသူများရှိသော်လည်း ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ အတတ်ပညာနှင့်ကျွမ်းကျင်မှုအားနည်းခြင်းတို့ကြောင့် အသက်မွေးဝမ်းကျောင်းအတွက် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးပါသည်။ ထို့ကြောင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ပို့ချပေးမည်ဆိုပါက ကျေးရွာ၏ စီးပွားရေးအခြေအနေမှာ ပိုမိုတိုးတက်လာမည် ဖြစ်ပါသည်။

**(ဂ) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**

ကျေးရွာတွင် ကျေးရွာသူ/သားများအားလုံးသည် သန့်ရှင်းသောသောက်သုံးရေသုံးစွဲနိုင်ရန် အဝိစီတွင်းများ တူးဖော်၍ အသုံးပြုကြပါသည်။ ကျေးရွာရှိ အိမ်ထောင်စု(၁၀၀)ရာခိုင်နှုန်းသည် အဝစီတုံကင်တွင်းများမှ စက်တပ်၍ သောက်သုံးရေများရရှိနိုင်ကြပါသည်။ ကျေးရွာတွင် အလယ်တန်းကျောင်း (၁)ကျောင်းရှိပြီး ဆရာ/ဆရာမ (၁၀)ဦးခန့်ရှိပါသည်။ အထက်တန်းအဆင့်အတွက် ကျေးရွာမှ(၁)မိုင်ခန့် ကွာဝေးသော ကင်ပွန်းတောင်ချောင်းရိုး အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ပညာသင်ကြားရပါသည်။

ကျန်းမာရေးဝန်ဆောင်မှုများအတွက် ကျေးရွာတွင် ဆေးပေးခန်းမရှိပါ။ ကိုယ်ဝန်ဆောင်မိခင်များ၊ မွေးကိုက်လူနာများနှင့်အရေးပေါ်လူနာများမှာ ရွာနှင့်(၁၂)မိုင်ခန့်ဝေးသော တောင်တွင်းကြီးမြို့နယ်ဆေးရုံသို့ သွားရောက်ကြပါသည်။ ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီကို ၂၀၁၅ခုနှစ်တွင် ကိုယ်ထူကိုယ်ထ မီးလင်းရေးဆောင်ရွက်ရန် ဖွဲ့စည်းခဲ့ပါသည်။ ကျေးရွာတွင် မီးလင်းရေးအတွက် လောပိတရေအားလျှပ်စစ်မှ လျှပ်စစ်မီးရယူသုံးစွဲကြပါသည်။ကျေးရွာ အိမ်ထောင်စုများမှ ငွေကြေးထည့်ဝင်ပြီး မြို့နယ်လျှပ်စစ်ဌာနသို့ တင်ပြ၍ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေး ဆောင်ရွက်နေကြခြင်းဖြစ်ပါသည်။ ယခုအခါ ကျေးရွာအိမ်ထောင်စုများမှ သတ်မှတ်ငွေကြေးကို ပြည့်မီအောင် ထည့်ဝင်နိုင်ခြင်းကြောင့် အိမ်ထောင်စုများမှာ လျှပ်စစ်မီးလင်းနေပါသည်။

ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်ပြီး မိုးများချိန်တွင် ရွှံ့ဗွက်များ ထူထပ်သဖြင့် သွားလာရန် ခက်ခဲပါသည်။ ထို့ကြောင့် ကျောက်ကြီးလမ်းအဖြစ် အဆင့်မြှင့်တင်လျှင် ကျေးရွာတွင် သွားလာရပိုမိုလွယ်ကူမည်ဖြစ်ပြီး ရွာသူ/သားများအတွက် ပိုမိုအကျိုးရှိမည် ဖြစ်ပါသည်။ လမ်းမကြီးတွင် ကွန်ကရစ်လမ်းဖြစ်၍ လမ်းသွယ်များကို ကျောက်ကြီးလမ်းခင်းခြင်းသည် ကျေးရွာဖွံ့ဖြိုးရေး အတွက် ဦးစားပေးစီမံချက်ဖြစ်ပါသည်။

**(ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု**

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မိုးစပါး စိုက်ပျိုးနိုင်ရန် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် ကျပ်(၁၅၀၀၀၀) ထုတ်ချေးပေးပါသည်။ အခြားအသေးစား ချေးငွေဝန်ဆောင်မှုများဖြစ်သော ပက်စ်မြန်မာ ၊ သမဝါယမ ၊ စတာပါတနာ ငွေစုငွေကြေးအဖွဲ့ရှိသော်လည်း တောင်သူလယ်သမားများသာမက အခြားအသေးစား စီးပွားရေးလုပ်ငန်းများ ထူထောင်ရန် ဥပမာ(တစ်နိုင်တစ်ပိုင်မွေးမြူရေး၊ အရောင်းအဝယ်နှင့် ငွေဝန်ဆောင် မှုများ) လိုအပ်ပါသည်။

**(င) ပညာရေး**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အလယ်အလတ်ရှိကြောင်း သိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊အဖတ်၊အတွက်တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များဖြင့် ဘွဲ့ရသူများလည်းရှိပါသည်။ ကျေးရွာတွင်အခြေခံပညာအလယ်တန်းရှိပြီး အထက်တန်းအဆင့်အတွက် ကျေးရွာမှ(၁)မိုင်ခန့်ကွာဝေးသော ကင်ပွန်းတောင်ချောင်းရိုး အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြားရပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုသင်တန်းများ ၊ လက်လှမ်းမမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်းပညာနိမ့်ကျဆဲ ဖြစ်ပါသည်။

**(စ) ကျန်းမာရေး**

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှု မရှိသလောက်နည်းပါးပါသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ ၊ သွေးလွန်တုပ်ကွေး ဖြစ်ပွားတက်ပြီး အခြားလူများတွင် မိုးရာသီတုပ်ကွေးရောဂါကူးစက်ခံရလေ့ရှိပါသည်။ စပါး ၊ ဟင်းသီးဟင်းရွက် ၊ ပဲမျိုးစုံ ၊ စိုက်ပျိုးထွက်ရှိခြင်းနှင့် အလုပ်အကိုင်အဆင်ပြေခြင်းတို့ကြောင့် မိသားစုများ ဝမ်းစာအတွက် နေ့စဉ်ဝင်ငွေရှိသည့်အတွက် အဟာရချို့တဲ့မှုမရှိပါ။ အမျိုးသမီးများ ကျန်းမားရေး စောင့်ရှောက်မှုအတွက် ကျန်းမာရေးဆရာမ မရှိခြင်းကြောင့်ကျေးရွာနှင့်(၁၂)မိုင်ခန့် ဝေးသော တောင်တွင်းကြီးမြို့နယ် ဆေးရုံသို့သာ သွားရောက်ကြပါသည်။ ကလေးသူငယ်များအတွက် ကျန်းမာရေး ကာကွယ်ဆေးတိုက်ကျွေးသောအစီအစဉ်များကို ကျန်းမာရေးဌာနမှ နှစ်စဉ်ဆောင်ရွက်ပေးပါသည်။

**(ဆ) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာမှလယ်မြေများသည် နှစ်စဉ်စပါးစိုက်ပျိုးခြင်း ၊ သီးထပ်သီးနှံစိုက်ပျိုးခြင်းတို့အတွက် ဓာတုဗေဒကွန်ပေါင်းဓာတ်မြေသြဇာအသုံးပြုခြင်း ၊ သဘာဝသစ်ဆွေးမြေသြဇာများ နှစ်စဉ်မထည့်သွင်းနိုင်ခြင်း တို့ကြောင့် မြေဆီလွှာပျက်ယွင်းမှုများ ကြုံတွေ့ရသည်။စိုက်ခင်းများတွင် ပိုးသတ်ဆေးများ အသုံးပြုရသောကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုရှိပါသည်။ ပိုးသတ်ဆေးများ အသုံးပြုရာတွင် ဓာတ်ကြွင်းအန္တရာယ်လျော့ပါးရေးအတွက် ဘေးကင်းလုံခြုံမှုရှိရန် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်းအတွက် အားနည်းသေးကြောင်းတွေ့ရှိရပါသည်။ ချောင်း၊မြောင်းများ တိမ်ကောလာသောကြောင့် မိုးရာသီတွင် မိုးရက်ဆက်ရွာသွန်းလျှင် စပါးခင်းများ ၊ နှမ်းခင်းများ ရေနစ်မြုပ်ခြင်းခံရသောကြောင့် သီးနှံအထွက်နှုန်းလျော့နည်းခြင်း ကြုံတွေ့ကြရသည်။

**(ဇ) ကျား / မရေးရာ**

ကျား/မဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စများနှင့်သာ အချိန်ကုန်နေရသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနုတ်ခြင်း ၊ ကောက်စိုက်ခြင်းနှင့် အမျိုးသားများသည် လယ်ထွန်ခြင်း ၊ စပါးရိတ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ဘာသာရေးအထိမ်းအမှတ် ရိုးရာယဉ်ကျေးမှု ပွဲတော်များဖြစ်သည့် ရှင်ပြုအလှူပွဲများကျင်းပခြင်း ၊ ဘုန်းတော်ကြီးကျောင်း ဆရာတော်၏ဦးဆောင်မှုဖြင့် တရားပွဲများ ကျင်းပကြပြီး အမျိုးသမီးများသည် အမျိုးသားများနှင့် ပူးပေါင်းဆောင်ရွက်ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခ ပိုမိုရရှိကြသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏အခန်းကဏ္ဍ နည်းပါးသေးကြောင်း တွေ့ရပါသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျား/မတန်းတူ အခွင့်အရေးရှိပါသည်။

၄။ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးစီမံချက်လုပ်ငန်းများ

| စဉ် | ကျေးရွာအုပ်စု | ကျေးရွာအမည် | စီမံချက်အမည် | ဦးစားပေးအဆင့် | မှတ်ချက် |
| --- | --- | --- | --- | --- | --- |
| ၁ | ဆီမီးထွန်း | ဆီမီးထွန်း | ရွာတွင်းလမ်း တောင်-မြောက်ကွန်ကရစ်လမ်းခင်းခြင်း | ၁ | |
| | | | မျိုးကောင်းမျိုးသန့်လုံလောက်စွာရရှိရေး | ၂ | |
| | | | ဆေးပေးခန်းဆောက်လုပ်ရန် မြေနေရာရရှိရေး | ၂ | |
| | | | ဆည်ပြုပြင်လည်တည်ဆောက်ရေး | ၃ | |
| | | | ကျောင်းခြံစည်းရိုးခတ်ခြင်း | ၄ | |
| | | | KG ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း | ၅ | |
| | | | ကျန်းမာရေးသင်တန်းများ ဖွင့်လှစ်ပေးခြင်း | ၆ | |
| | | | ဈေးကွက်ဝင်မည့်သီးနှံများစိုက်ပျိုးနိုင်ခြင်း | ၇ | |
| | | | အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ပေးခြင်း | ၈ | |
| | | | အရင်းအနှီးအတွက် အတိုးနှုန်းသက်သာသည့် ချေးငွေရရှိရေး | ၉ | |
| | | | စာပေဟောပြောပွဲများ ပြုလုပ်ပေးခြင်း | ၁၀ | |
| | | | အမျိုးသမီးများစိတ်ဓါတ်မြှင့်တင်ရေးသင်တန်းများဖွင့်လှစ်ပေးခြင်း | ၁၀ | |
| | | | ကျောင်းအိမ်သာ ဆောက်လုပ်ခြင်း | ၁၁ | |

## ၅။ တောင်တွင်းကြီးမြို့နယ်၊ ဆီမီးထွန်းကျေးရွာအုပ်စု ဆီမီးထွန်းကျေးရွာ၏ နှစ်အလိုက်စီမံချက်လုပ်ငန်းများ

| စဉ် | လုပ်ငန်းအမည် | အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်း တောင်-မြောက် ကွန်ကရစ်လမ်းခင်းခြင်း | ၁ | ✔ | | | | |
| ၂ | မျိုးကောင်းမျိုးသန့်လုံလောက်စွာရရှိအောင် ဆောင်ရွက်ခြင်း | ၂ | | ✔ | | | |
| ၃ | ဆေးပေးခန်းဆောက်လုပ်ရန် မြေနေရာရရှိအောင်ဆောင်ရွက်ခြင်း | ၂ | | ✔ | | | |
| ၄ | ဆည်ပြန်လည်တည်ဆောက်ခြင်း | ၃ | | | ✔ | | |
| ၅ | ကျောင်းခြံစည်းရိုးခတ်ခြင်း | ၄ | | ✔ | | | |
| ၆ | KG ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း | ၅ | | ✔ | | | |
| ၇ | ကျန်းမာရေးသင်တန်းများ ဖွင့်လှစ်ပေးခြင်း | ၆ | | | | | ✔ |
| ၈ | ဈေးကွက်ဝင်မည့်သီးနှံများစိုက်ပျိုးနိုင်ခြင်း | ၇ | ✔ | | | | |
| ၉ | အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်း | ၈ | ✔ | | | | |
| ၁၀ | အရင်းအနှီးအတွက် အတိုးနှုန်းသက်သာသည့် ချေးငွေရရှိခြင်း | ၉ | | | | ✔ | |
| ၁၁ | စာပေဟောပြောပွဲများ ပြုလုပ်ပေးခြင်း | ၁၀ | | | | | ✔ |
| ၁၂ | အမျိုးသမီးများစိတ်ဓါတ်မြှင့်တင်ရေး သင်တန်းများဖွင့်လှစ်ပေးခြင်း | ၁၀ | | | | ✔ | |
| ၁၃ | ကျောင်းအိမ်သာ ဆောက်လုပ်ခြင်း | ၁၁ | | ✔ | | | |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန်အထောက်အကူပြုဇယားများ

### (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) ဆီမီးထွန်း ကျေးရွာ၏ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၇ | ၉ | ၁၆ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၃၆ | ၃၆ | ၇၂ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄၅ | ၄၇ | ၉၂ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၈ | ၃၈ | ၇၆ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၉၉ | ၅၀၁ | ၁၀၀၀ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၅၈ | ၅၇ | ၁၁၅ |
| **စုစုပေါင်း** | | **၆၈၃** | **၆၈၈** | **၁၃၇၁** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၃၂၆** | | |

ရင်းမြစ် - (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂)။ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ဆီမီးထွန်းကျေးရွာသည် လူဦးရေအများစုမှာ အလုပ်လုပ်နိုင်သူအများစုဖြစ်ပြီး အသက်(၆၅)နှစ်အထက်လူဦးရေမှာ(၈.၃)ရာခိုင်နှုန်းရှိပြီးကျန်းမာရေးကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။ ကျေးရွာ၏ လူဦးရေမှာ(၇၂.၉)ရာခိုင်နှုန်းရှိသောကြောင့် လူ့စွမ်းအားအရင်းအမြစ် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

### (၂) သဘာဝရင်းမြစ်နှင့်ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှုနှင့်ရေအရင်းအမြစ်အခြေအနေ

ဇယား (၂) ဆီမီးထွန်း ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း၊ သင့်၊ ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သောရေ အရင်းအမြစ် (မြေအောက်ရေ၊ ချောင်း၊မြစ်၊စိမ့်စမ်း စသည့်) |
|---|---|---|---|---|
| လယ်မြေ | ၉၃၇.၇၅ | သင့် | အနည်းအကျဉ်း | ချောင်း |
| ယာမြေ / တောင်ယာမြေ | ၄၃၅.၅ | သင့် | အနည်းအကျဉ်း | - |
| ဥယျာဉ်ခြံမြေ | ၆.၂၂ | ကောင်း | အနည်းအကျဉ်း | ရေတွင်း |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| ဓနိတောမြေ | - | - | - | - |
| စားကျက်မြေ | - | - | - | - |
| မြေလွတ် မြေလပ် | - | - | - | - |
| **စုစုပေါင်း** | **၁၃၇၉.၄၇** | | | |

ရင်းမြစ် - ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိ / ရပ်ဖအုပ်စု ။

လေ့လာတွေ့ရှိချက်။ ။ဆီမီးထွန်းကျေးရွာတွင် လယ်မြေမှာ (၉၃၇.၇၅)ဧကခန့်ရှိသော်လည်း စိုက်ပျိုးရေလုံလောက်စွာမရရှိသောကြောင့် နှစ်စဉ်ဧက(၂၀၀)ခန့် စိုက်ပျိုးရေလုံလောက်စွာမရရှိဘဲ ပျက်စီးဆုံးရှုံးမှုဖြစ်နေရပါသည်။ လယ်မြေဧက(၇၀၀)ကျော်ခန့်ကိုသာ သီးနှံများစိုက်ပျိုးရရှိနိုင်ကြောင်း တွေ့ရှိရပါသည်။

## (၂.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၃) ဆီမီးထွန်းကျေးရွာ၏ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု<br>(များ ၊ သင့် ၊ နည်း ၊ မရှိ ) | အသုံးပြုနိုင်မှု<br>( လွယ် ၊ ခက် ၊ လက်လှမ်းမမီ ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့၊ ရေနံ ) | မရှိ | လက်လှမ်းမမီ |
| ဓါတ်သတ္တု(ကျောက်မျက် ၊ သတ္တု ၊ကျောက်၊ကျောက်မီးသွေး၊သဲ) စသည့် | မရှိ | လက်လှမ်းမမီ |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိပ်များ | သင့် | ခက် |
| အပင်မျိုးစိပ်များ (လူ ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | သင့် | လွယ် |
| ပျမ်းမျှအပူချိန်- ၃၆” | ပျမ်းမျှမိုးရေချိန် - ၄၀” | |

ရင်းမြစ် - ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိ / ရပ်ဖအုပ်စု ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာနယ်နိမိတ်အတွင်း ကျောက် ၊ သဲနှင့်ကျောက်စရစ်များအား လွယ်ကူစွာထုတ်ယူနိုင်ခြင်းမရှိပါ။ လူနှင့်တိရစ္ဆာန်များအတွက် အသုံးဝင်သောအပင်များမှာ တမာပင် ၊ မန်ကျည်းပင် ၊ ကုက္ကိုပင် ၊ လက်ခုပ်ပင်အုန်ပင် ၊ မာလကာပင် ၊ သြဇာပင် ၊ ကြောင်လျှာပင်၊ဖရုံပင် ၊ ဗူးပင် ၊ ချဉ်ပေါင်ပင် ၊ ခရမ်းချဉ်သီးပင် ၊ မြေပဲ ၊ နှမ်း ၊ ပဲတီစိမ်း ၊ ကြံပင် ၊ မတ်ပဲနှင့်ပဲကြီးစသည့်အပင်တို့ ပေါက်ရောက်စိုက်ပျိုးနိုင်ကြောင်း တွေ့ရှိရပါသည်။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ဇယား (၄) ဆီမီးထွန်းကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| **စဉ်** | **အဖွဲ့အစည်း အမည်** | **အမျိုးအစား** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **လုပ်ငန်းတာဝန်** (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။) | **အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ(သို့)ခိုင်မာတောင့် တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်** |
|---|---|---|---|---|
| ၁ | အုပ်ချုပ်ရေး အဖွဲ့ | ၁ √ ၂☐<br>၃☐ | ပညာရေး √<br>ငွေကြေး √<br>ကျန်းမာရေး √<br>ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး<br>√<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုး<br>ရေး √<br>လုံခြုံရေးနှင့်<br>ကာကွယ်ရေး √ | |
| ၂ | ဘာသာရေး အဖွဲ့ | ၁☐ ၂☐<br>၃ √ | ပညာရေး ☐<br>ငွေကြေး ☐<br>ကျန်းမာရေး ☐<br>ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး<br>☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုး<br>ရေး √<br>လုံခြုံရေးနှင့်<br>ကာကွယ်ရေး ☐ | |
| ၃ | ပရဟိတအဖွဲ့ | ၁☐ ၂√<br>၃☐ | ပညာရေး √<br>ငွေကြေး | |
| | | | √<br>ကျန်းမာရေး √<br>ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး<br>√<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုး<br>ရေး √<br>လုံခြုံရေးနှင့်<br>ကာကွယ်ရေး ☐ | |
| ၄ | အမျိုးရေးရာ အဖွဲ့ | ၁☐ ၂√<br>၃☐ | ပညာရေး ☐ငွေကြေး<br>☐<br>ကျန်းမာရေး ☐<br>ဘာသာရေး √ | |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ(သို့)ခိုင်မာတောင့် တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | |
| ၅ | မီးသတ်အဖွဲ့ | ၁☐ ၂√ ၃☐ | ပညာရေး ☐ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး √ | |
| ၆ | ဝတ်ရွတ်သင်းအဖွဲ့ | ၁☐ ၂√ ၃☐ | ပညာရေး ☐ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး √ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |

ရင်းမြစ် - ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိ / ရပ်ဖအုပ်စု ၊ အမျိုးသမီးအုပ်စု ။

လေ့လာတွေ့ရှိချက်။ ။ဆီမီးထွန်းကျေးရွာတွင် အလှူလုပ်ငန်းများနှင့် သာရေး၊နာရေးလုပ်ငန်းများကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းမှ ဦးဆောင်ပြီး ဘာသာရေးအဖွဲ့ ၊ ပရဟိတအဖွဲ့ ၊ အမျိုးသမီးရေးရာအဖွဲ့ ၊ လူငယ်အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ကြပါသည်။ လပြည့်၊လကွယ်ညတိုင်းတွင် ဘာသာရေးအဖွဲ့နှင့် ဝတ်ရွတ်အသင်းပူးပေါင်းပြီး ရွာလယ်မွှောရုံ၌ ဘုရားဝတ်တက်လုပ်ငန်းများ စုပေါင်းပြုလုပ်ကြပါသည်။

## (၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

**ဇယား (၅) ဆီမီးထွန်း ကျေးရွာ၏ ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၅ ဧက | ၁၀ ဧက | ၅ ဧက | မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက်ခံ၊သွပ်မိုး၊ ပျဉ်ထောင် | ၄ပင်အိမ်ပျဉ်ထောင် သွပ်မိုး | ၄ပင်အိမ်သွပ်မိုး ဝါး ထရံကာ | ၃ပင်အိမ်သက္ကယ်မိုး |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ထွန်စက်၊နွားလှည်း၊ဆိုင် ကယ်၊စပါးခြွေ လှေ့စက်၊ဆီစက် | ဆိုင်ကယ်၊နွားလှည်း ရေစုပ်စက် | နွားလှည်း၊ ရေစုပ်စက် | - |
| အဓိကစီးပွားရေးလုပ်ငန်း | တောင်သူ | တောင်သူ | တောင်သူ | ကျပန်းလုပ်ကိုင်သူ |
| အိမ်ထောင်စု | ၅၃ | ၁၅၀ | ၇၅ | ၄၈ |

ရင်းမြစ် - (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ဆီမီးထွန်းကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုထက် အဆင်မပြေသော အိမ်ထောင်စုမှာပိုမိုများပြားပြီး အလွန်အဆင်မပြေသော အိမ်ထောင်စုများမှာ အသက်အရွယ်ကြီး၍ အလုပ်မလုပ် နိုင်ခြင်း ၊ ဒေသတွင်းဝင်ငွေရရှိသော လုပ်ငန်းရှားပါးခြင်းများရှိကြောင်း တွေ့ရှိရပါသည်။

## (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ဆီမီးထွန်းကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု ၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု ရာခိုင်နှုန်း | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၅၅ | ၁၇ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် (၁ဟက်တာထိ) | ၇၆ | ၂၃ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ၅ဧကထိ (ဟက်တာထိ) | ၁၁၄ | ၃၅ | တောင်သူငယ် |
| ၄ | ၅ ဧကမှ၁၂.၅ဧကထိ (၅ဟက်တာအထိ) | ၆၇ | ၂၀ | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် (၅ဟက်တာနှင့်အထက်) | ၁၆ | ၅ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၃၂၆** | | |

ရင်းမြစ် - (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊(၂)ဦးတည်အုပ်စုဆွေးနွေးခြင်း- လယ်သမားအုပ်စု ၊(၃)လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊(၄)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးလက်နေပြည်သူများဖြစ်သောကြောင့် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ပါသည်။ စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေရရှိရေး ၊ မြေဆီလွှာထိန်းသိမ်းရေး ၊ ဖျက်ပိုးကာကွယ်နှိမ်နင်းရေးများအတွက် အသိပညာဗဟုသုတများလိုအပ်နေကြောင်း တွေ့ရှိရပါသည်။

### (၄.၂.၂) ဆီမီးထွန်း ကျေးရွာ၏ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု(နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| စပါး | ၁၃၇၀ | တင်း | ၃၀ | ၇၀ | ၃၅ | |
| နှမ်း | ၈၀၀ | တင်း | ၄ | ၉ | ၄.၅ | |
| ကြံ | ၄၃ | တန်ချိန် | ၁၀ | ၃၀ | ၁၅ | |
| နေကြာ | ၃၀၀ | တင်း | ၅ | ၁၅ | ၇.၅ | |
| ပဲကြီး | ၅၀ | တင်း | ၅ | ၁၂ | ၆ | |
| မတ်ပဲ | ၁၀၀ | တင်း | ၅ | ၉ | ၄.၅ | |

ရင်းမြစ် - ဦးတည်အုပ်စုဆွေးနွေးခြင်း ၊ လယ်သမားအုပ်စု ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်အဓိကစိုက်ပျိုးသောသီးနှံမှာ စပါးဖြစ်၍ စိုက်ပျိုးရန်အတွက် လုံလောက်သောရေရရှိရန် ဆည် ၊ မြောင်း ကျောထောက်နောက်ခံမရှိခြင်းကြောင့်မိုးရေကိုသာ အားထား၍ စိုက်ပျိုးကြရပါသည်။ မိုးကောင်းသောနှစ်များတွင် လယ်တစ်ဧကတွင် စပါးတင်(၇၀)ခန့်ထွက်ရှိပြီး

မိုးခေါင်သောနှစ်များတွင် လယ်(၁)ဧက၊စပါးတင်း(၃၀)ခန့်သာ ထွက်ရှိပြီး အခြားသီးနှံများလည်း စိုက်ပျိုးကြောင်း တွေ့ရှိရပါသည်။

## (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) ဆီမီးထွန်း ကျေးရွာ၏ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
